# အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး– WHS ဥပဒေများအရ တာဝန်များ

အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဥပဒေများ ပုံစံအားဖြင့် အလုပ်ရှင်များအနေဖြင့် အလုပ်ခွင်ရှိ လူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ကောင်းမွန်ရေးကို စောင့်ရှောက်ပေးရန် ပြဌာန်းထားပါသည်။ ၎င်းတို့မှာ–

- ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို အန္တရာယ် မရှိစေသည့် အလုပ် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးခြင်းနှင့် ထိန်းသိမ်းပေးခြင်း
- မိမိတို့၏ အလုပ်ကို ထမ်းဆောင်ရန် အလုပ်သမားများ၏ ကောင်းမွန်ရေးအတွက် လုံလောက်ပြီး ရယူနိုင်သည့် ပံ့ပိုးအရာများကို ဖန်တီးပေးအပ်ထားခြင်း၊ နှင့်
- နာမကျန်းမှု သို့မဟုတ် ထိခိုက်ဒဏ်ရာ ရရှိခြင်းမှ တားဆီးပေးရန်အတွက် အလုပ်သမားများ၏ ကျန်းမာရေးနှင့် အလုပ်ခွင် အခြေအနေများကို စောင့်ကြပ်ကြည့်ရှုပေးခြင်း။

## အလုပ်သမားများအပေါ် တာဝန်

သင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို သေချာစေရန် သင့်တွင် တာဝန်ရှိသည်။ သင်သည် COVID–19 နှင့်ထိတွေ့မှု အန္တရာယ်ကို ဖယ်ရှားပစ်ရမည် သို့မဟုတ် အကယ်၍ ၎င်းမှာ မဖြစ်နိုင်လျှင် သင့်အနေဖြင့် အန္တရာယ်ကို ဖြစ်နိုင်သမျှ များများ အနည်းဆုံးဖြစ်အောင် လုပ်ရန်လိုသည်။

အလုပ်သမားများအား COVID–19 အထိအတွေ့ အန္တရာယ်မှ အောက်ပါနည်းလမ်းများအရ ကြိုတင်ကာကွယ်ပေးပါ။ ဥပမာ–

- အိမ်မှနေ၍ အလုပ်လုပ်ကိုင်ရန် အစီအမံများ ချမှတ်ပေးခြင်း
- လူချင်း ခပ်ခွာခွာနေခြင်းနှင့် ကောင်းမွန်သော တစ်ကိုယ်ရေ သန့်စင်ရေးလုပ်ရန် အလုပ်သမားများအား သတ်မှတ်ပေးခြင်း
- အလုပ်သမားများ နေထိုင်မကောင်းသည့်အခါ အိမ်၌နေရန် သတ်မှတ်ပေးခြင်း၊ နှင့်
- အလုပ်ခွင်ကို ပုံမှန် လုံးလုံးလျားလျား သန့်ရှင်းပေးခြင်း။

## အလုပ်ခွင်ရှိ အခြားသူများအပေါ် တာဝန်

သင့် စီးပွားလုပ်ငန်း၏ အလုပ်အားဖြင့် ဝယ်ယူသူများ၊ ဖောက်သည်များနှင့် ဧည့်သည်များကဲ့သို့သော အခြားသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ် အန္တရာယ် မဖြစ်စေရန် သင် သေချာစေရမည်။

အခြားသူများအား COVID-19 ထိတွေ့မှု၏ အန္တရာယ်မှ အောက်ပါတို့ကို သူတို့အား လုပ်ခိုင်းစေခြင်းဖြင့် ကာကွယ်ပေးပါ–

- အထိအတွေ့မဲ့ ပစ္စည်းပို့ပေးခြင်းနှင့် ငွေချေခြင်းတို့မှတစ်ဆင့် အပါအဝင် လူချင်း ခပ်ခွာခွာ နေခြင်းကို လုပ်စေရန်
- ကောင်းမွန်သော တစ်ကိုယ်ရေ သန့်စင်ရေးကို လုပ်စေရန်၊ နှင့်
- မရှိမဖြစ် လိုအပ်သည်မှ လွဲ၍ အလုပ်ခွင်မှ ဝေးဝေးနေစေရန် ဖြစ်သည်။

## အလုပ်ခွင်နှင့် ပံ့ပိုးအရာများကို ထိန်းသိမ်းထားရန် တာဝန်

အလုပ်ပတ်ဝန်းကျင်မှာ အလုပ်သမားများနှင့် အခြားသူများအပေါ် COVID-19 ကူးစက်မည့် အန္တရာယ် မဖြစ်စေရန် သေချာအောင် သင့် အလုပ်ခွင်ကို သင် ထိန်းသိမ်းထားရမည်။

အောက်ပါတို့အားဖြင့် ဘေးကင်းလုံခြုံသော အလုပ် ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားပါ၊ ဥပမာ–

- အလုပ်ခွင်ကို ပုံမှန် လုံးလုံးလျားလျား သန့်ရှင်းပေးခြင်း။
- လူချင်း ခပ်ခွာခွာ နေခြင်းကို လုပ်နိုင်စေရန် အလုပ်ခွင် ခင်းကျင်းထားပုံကို ပြောင်းလဲပေးခြင်း၊ နှင့်
- အလုပ်ခွင်၌ လူအရေအတွက်ကို ကန့်သတ်ပေးထားခြင်း။

သင်သည် သင့် အလုပ်ခွင်တွင် လုံလောက်သော ပံ့ပိုးအရာများကိုလည်း ပေးအပ်ထားရမည်၊ ၎င်းတို့မှာ–

- ဆပ်ပြာ၊ ရေ နှင့် စက္ကူပဝါ ပါရှိသည့် လက်ဆေးကြောရန် ပံ့ပိုးအရာများ
- အလုပ်သမားများ အနေဖြင့် မိမိတို့၏ လက်များကို ဆေးကြောရန် မဖြစ်နိုင်သည့်ကိစ္စ၌ လက်ပိုးသတ်သန့်စင်ဆေးရည်၊ နှင့်
- သန့်ရှင်းပြီး လူချင်း ခပ်ခွာခွာ နေခြင်း လုပ်နိုင်စေသည့် ဝန်ထမ်း အခန်းများ။

အလုပ်သမားများအား ပံ့ပိုးအရာများကို အသုံးပြုရန် အထူးသဖြင့် သူတို့၏ လက်များကို ဆေးရန်အတွက် ပုံမှန် အားလပ်ချိန်များကို ပေးပါ။

## သတင်းအချက်အလက်များ၊ လေ့ကျင့်သင်တန်း၊ ညွှန်ကြားချက်နှင့် ကြီးကြပ်မှု လုပ်ပေးရန်တာဝန်

သင်သည် သင့်အလုပ်သမားများအား သူတို့၏ အလုပ်မှတစ်ဆင့် သူတို့အား COVID-19 အထိအတွေ့ အန္တရာယ်မှ အကာအကွယ်ပေးရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် လေ့ကျင့်သင်တန်းကို ဆောင်ရွက်ပေးရမည်။

၎င်းတွင်ပါဝင်သည်မှာ–

- လက်များအား အသေအချာ ဆေးကြောရန် လမ်းညွှန်
- လိုအပ်သည့် ကိုယ်ရေးကိုယ်တာ အကာအကွယ်ပေး ကိရိယာ တစ်ခုခုကို သင့်တော်သလို ဝတ်ဆင်ရန်နှင့် အသုံးပြုရန်နှင့်ပတ်သက်သည့် လေ့ကျင့်သင်တန်း
- မည်ကဲ့သို့နှင့် မည်သည့်အချိန် သန့်ရှင်းရေးလုပ်ရန် လေ့ကျင့်သင်တန်း
- ဘေးကင်းလုံခြုံသော အလုပ်ခွင် တစ်ခုကို ပြင်ဆင်ချမှတ်ထားရန်နှင့်ပတ်သက်သည့် ညွှန်ကြားချက်များ၊ နှင့်
- နေထိုင်မကောင်းလျှင် အိမ်၌နေခြင်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များ။

## ဆွေးနွေးတိုင်ပင်ရန် တာဝန်

သင်သည် COVID–19 နှင့်ပတ်သက်၍ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အကြောင်း အလုပ်သမားများနှင့် ဆွေးနွေးရမည်ဖြစ်ပြီး အမြင်များနှင့် စိုးရိမ်မှုများအား တင်ပြကြရန် အလုပ်သမားများအား အခွင့်အလမ်းပေးရမည်။ အမြင်များကို ထည့်သွင်းစဉ်းစားပေးပြီး ဆွေးနွေးတိုင်ပင်မှု ရလဒ်အဖြေကို အလုပ်သမားများအား အကြောင်းကြားပေးပါ။

သင် အောက်ပါတို့ လုပ်သည့်အခါ အလုပ်သမားများနှင့် တိုင်ပင်ဆွေးနွေးပါ–

- အန္တရာယ် စိစစ်မှုကို ဆောင်ရွက်ရန်
- အန္တရာယ်များကို စီမံရေးအတွက် အိမ်မှနေ၍ အလုပ်လုပ်သည့် အစီအမံများ သို့မဟုတ် လူချင်း ခပ်ခွာခွာ နေခြင်းကို သေချာစေမည့် ကန့်သတ်ခြင်းတို့ ချမှတ်ပေးခြင်းကဲ့သို့ ထိန်းချုပ်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရန်
- အလုပ်ခွင် ပံ့ပိုးပစ္စည်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရန်၊ နှင့်
- အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို သက်ရောက်နိုင်ဖွယ်ရှိသည့် အခြား ပြောင်းလဲချက်များကို အဆိုပြုရန်

သင်သည် သဘောတူထားသည့် ဆွေးနွေးချက်အရ လုပ်ထုံးလုပ်နည်းများ မည်သည့်အချက်ကိုမဆို လိုက်နာရမည်။ အကယ်၍ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ကိုယ်စားလှယ်များ ရှိလျှင် သင်သည် သူတို့အား ဆွေးနွေးပွဲတွင် ပါဝင်ထည့်သွင်း၍ ဆွေးနွေးစေရမည်။

## ပိုမိုသော အချက်အလက်များ

COVID–19 နှင့် အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့နှင့် ပတ်သက်သည့် ပိုမိုသိရှိလိုသော အချက်အလက်များကို Safe Work Australia ဝက်ဘ်ဆိုက် တွင်ကြည့်ပါ။